ပထမအကြိမ်လန်ချန်-မဲခေါင်မြစ်ဝှမ်းနိုင်ငံသတင်းပြန်ကြားရေး ဝန်ထမ်းများနှင့်မီဒီယာသတင်းထောက်များ မွမ်းမံသင်တန်းဖွင့်လှစ်

"မြစ်တစ်မြစ်၊ တစ်အိမ်တည်း" ဇွန်လ(၁၂)ရက်နေ့ နံနက်ပိုင်းအစီအစဉ် အတွင်းသို့ပါဝင်သည့် (၆)နိုင်ငံသင်တန်းသားများမှ ချစ်ကြည်ရေးမြစ်ကိုကိုယ်စားပြုသည့် အစီအစဉ်ဆိုင်းဘုတ်ပေါ်တွင် ကြာပန်း(၆)ပွင့်ကို အတူနေရာချလိုက်သည်နှင့်အတူ ပထမအကြိမ် လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံ သတင်းပြန်ကြားရေးဝန်ထမ်းများနှင့် မီဒီယာသတင်းထောက်များမွမ်းမံသင်တန်းကို ကူမင်းတွင်ဖွင့်လှစ်လိုက်ပါတော့သည်။

ယခုအကြိမ် မွမ်းမံသင်တန်းသည် တရုတ်နိုင်ငံတော်စီမံကိန်းမှ ထောက်ပံ့အားပေးမှုကိုရရှိခဲ့သည်။ ယူနန်နေ့စဉ် သတင်းစာအဖွဲ့လုပ်ငန်းအုပ်စုမှဦးဆောင်ကျင်းပပြီးကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်(၅)နိုင်ငံမှ စုစုပေါင်းသင်တန်းသား(၁၇)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ သင်တန်းကာလအတွင်းနိုင်ငံ(၅)နိုင်ငံမှ ပါဝင်တက်ရောက်သည့် သင်တန်းသားများသည် ယူနန်နေ့စဉ် သတင်းစာအဖွဲ့မှသတင်းထောက်များနှင့် အတူ အရှိန်မြင့်အမြန်ရထားကို စီးနင်း၊ နယ်စပ်ဂိတ်များကို သွားရောက်လည်ပတ်ကာ ကူမင်း၊ လင်ချန်းနှစ်နေရာမှာ ဆန်းကျယ်များပြားသော လေ့လာဖလှယ်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြသည်။ (၅)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက်ကူမင်းသွင်းကုန်ပို့ကုန်ကုန်စည်ပြပွဲကို တက်ရောက်ခဲ့ကြပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ယူနန်ပြည်နယ် ပါတီကော်မတီပြန်ကြားရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အစိုးရသတင်းပြန်ကြားရေးရုံးမှ ညွှန်ကြားရေးမှူးလီချမ်းက အမှာစကားပြောကြားခဲ့သည်မှာ- ယခုနှစ်ပိုင်းယူနန်နေ့စဉ်သတင်းစာအဖွဲ့ကို ကိုယ်စားပြုသော ယူနန်မီဒီယာများသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် များစွာအကျိုးသက်ရောက်မှုရှိသော ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါကြောင်း၊ မီဒီယာများ၏ စိတ်နှလုံးသားချင်းချိတ်ဆက်မှုတံတား နှင့် ချစ်ကြည်ရေးပေါင်းကူးတံတားကို တည်ဆောက်ခြင်းဖြင့် လန်မဲပူးပေါင်းဆောင်ရွက်ရေးအတွက် အင်အားများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုအကြိမ်သင်တန်းသည် ယူနန်နှင့်မဲခေါင်မြစ်ဝှမ်းဒေသမှ နိုင်ငံအသီးသီးမီဒီယာများ၏ ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးအတွက် စင်မြင့်အသစ်ကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ ယခုမွမ်းမံသင်တန်းသည် နိုင်ငံအသီးသီးမီဒီယာများ၏ သတင်းမျှဝေခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း၊ လုပ်ငန်းဖလှယ်ခြင်းစသည့် အပိုင်းကဏ္ဍများ၏ အပြန်အလှန်လုပ်ဆောင်ရေးကိုပိုမိုခိုင်မာစေနိုင်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံမှမီဒီယာများအကြား၏ အပြန်အလှန်သွားလာမှု၊ ဖလှယ်မှုများကိုလည်း တွန်းတင်ရန်အကျိုးပြုမည်ဖြစ်ကြောင်း၊ အချင်းချင်းပိုမိုသိကျွမ်းနားလည်လာပြီး နှစ်ဦးနှစ်ဖက်မှ ပိုမိုကြီးမားသောသဘောတူညီမှုအမြင်များကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

ယူနန်နေ့စဉ်သတင်းစာအဖွဲ့အယ်ဒီတာချုပ်ရန်ယွန်ကမ်ကမ်ခွန်းပြောကြားခဲ့သည်မှာ "နှစ်ပေါင်းများစွာအတွင်းယူနန်နေ့စဉ်သတင်းစာအဖွဲ့သည် တရုတ်နိုင်ငံအတွက် အထူးတက်ကြွစွာသတင်းယူထုတ်ဝေပေးခဲ့ကြောင်း၊ အထူးသဖြင့် ယူနန်နှင့်မဲခေါင်မြစ်ဝှမ်းဒေသရှိနိုင်ငံများ အကြားကူးလူးဆက်ဆံရေးမှာ တက်ကြွစွာ သတင်းယူထုတ်ဝေပေးခဲ့ကြောင်း၊ ပြည်သူ့အချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးကို တက်ကြွစွာလုပ်ဆောင်ခဲ့ကြောင်း၊ မဲခေါင်မြစ်နိုင်ငံများနှင့်မီဒီယာဖလှယ်ရေးလုပ်ဆောင်ရန် ပြင်ပသို့လျှောက်ထွက်ခဲ့ပါကြောင်း၊ အကြီးစားပရဟိတလှုပ်ရှားမှုများတွင်ပါဝင်ပြီး အပြန်အလှန်စင်မြင့်ကို

တည်ဆောက်ကာ တရုတ်နှင့်မဲခေါင်မြစ်ဝှမ်းနိုင်ငံပြည်သူများအချင်းချင်း၏အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်သည့်စင်မြင့်အပေါ်တက်ကြွသောလုပ်ဆောင်ချက်လုပ်ဆောင်ခဲ့ကြောင်း၊ "ချစ်ကြည်ရင်းနှီးအားလုံးပါဝင်"သည့် တေးသီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်ကို ရေးသားခဲ့ပါကြောင်း၊ ယခုအကြိမ် မဲခေါင်မြစ်ဝှမ်းနိုင်ငံသတင်းနှင့် ပြန်ကြားရေးဝန်ထမ်းများနှင့် မီဒီယာများကိုမွမ်းမံသင်တန်းများဖွင့်လှစ်လုပ်ဆောင်ပေးခြင်းသည်လည်း မဲခေါင်မြစ်ဝှမ်းနိုင်ငံမှ သတင်းနှင့်ပြန်ကြားရေးဝန်ထမ်းများနှင့် မီဒီယာသတင်းထောက်များ၏ချစ်ကြည်ရေးကို ပိုမိုရင်းနှီးစေသည့် အကျိုးပြုကြားခံနယ်ဖြစ်လာပါကြောင်း၊ သင်တန်းအခွင့်အရေးကြောင့် လန်မဲပူးပေါင်းဆောင်ရွက်ရေး၊ လူသားကံကြမ္မာတူအသိုင်းအဝိုင်း ဆောက်လုပ်ရေးအတွက်ပိုမိုများသော ဉာဏ်ပညာနှင့် အင်အားကို ထောက်ပံ့ပေးစေနိုင်ကြောင်း၊ (၆)နိုင်ငံမှအတူတည်ဆောက်သည့် "မြစ်တစ်မြစ်၊ တစ်အိမ်တည်း" လန်မဲမီဒီယာ ယဉ်ကျေးမှုသမိုင်းကြာရှည်တည်တံ့ခိုင်ခံ့စေနိုင်စသည်ဖြင့် မျှော်လင့်ပါကြောင်း ပြောကြားသွားပါသည်။

"ယခုအကြိမ်သင်တန်းမှာ ပါဝင်နိုင်တာကို ကျွန်တော်အထူးဝမ်းသာပါတယ်။ အထူးလည်းဂုဏ်ယူပါတယ်။"ဟု ကမ္ဘောဒီးယား သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနအကြံပေး၊ ကမ္ဘောဒီးယား သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနကိစ္စ ရေးရာနှင့် ဘဏ္ဍာရေးညွှန်ကြားရေးဦးစီးဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးလုံ့စိန်းက သင်တန်းသားများကိုယ်စားပြုပြီးမိန့်ခွန်းစကားပြောဆိုခဲ့သည်။ ကမ္ဘောဒီးယားသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကောင်း၊ မိတ်ဆွေကောင်းဖြစ်ကြောင်း သူကဖော်ပြခဲ့သည်။ ယခုနှစ်ပိုင်းယူနန်နေ့စဉ်သတင်းစာအဖွဲ့နှင့် 《ကမ္ဘောဒီးယားအလင်း》 သတင်းစာနှင့်ပူးပေါင်းဖွင့်လှစ်သည့် အထူးကော်လံ 《တရုတ်.ယူနန်》 နှင့်ကမ္ဘောဒီးယားဘာသာဖြင့်ထုတ်ဝေသော 《ခမာ》 မဂ္ဂဇင်းသည် ကမ္ဘောဒီးယားမှ စာဖတ်သူအများ၏ ကြိုက်နှစ်သက်မှုရရှိခဲ့ကြောင်း၊ ယူနန်နေ့စဉ်သတင်းစာအဖွဲ့သည် ကမ္ဘောဒီးယားတွင် ဖန္တမ်းပင်သတင်းထောက်စခန်းကို တည်ထောင်ထားပြီး သတင်းအချက်အလက်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည့် ဆက်သွယ်ဖလှယ်သည့်ပေါင်းကူးတံတားကို တည်ဆောက်ခဲ့ကြောင်း သူကဖော်ပြခဲ့သည်။ စီးပွားရေးဂလိုဘယ်လိုက်ဇေရှင်းနှင့် ဒေသစီးပွားရေးအုပ်စုပုံစံဖြစ်လာသည့် ဖွံ့ဖြိုးတိုးတက်သည့် နောက်ခံအောက်တွင် လန်ချန်-မဲခေါင်မြစ်ဝှမ်းဒေသသည် ပုံစံအသစ်များဖြစ်လာပြီး ယခုအကြိမ်လှုပ်ရှားမှုသည် သတင်းမီဒီယာသမားများ အပြန်အလှန်သိကျွမ်းနားလည်မှုကို ထပ်မံတွန်းတင်ပြီး တရုတ်နှင့်ကမ္ဘောဒီးယားအပါအဝင် မဲခေါင်မြစ်ဝှမ်းနိုင်ငံများသတင်းမီဒီယာလုပ်ငန်းအတွင်း၏ ဖလှယ်ပူးပေါင်းဆောင်ရွက်မှုကို ထပ်မံနက်ရှိုင်းစေမည်ဖြစ်သည်။ တရုတ်နှင့်မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံအသီးသီး အကျိုးတူအောင်မြင်သော၊ ကောင်းမွန်သောသတင်းပတ်ဝန်းကျင်ကို အတူတည်ဆောက်ကြကာ ဒေသသတင်းမီဒီယာ ဖလှယ်ပူးပေါင်းဆောင်ရွက်သောစံပြနှင့် ကိုယ်စားပြုအဖြစ် တည်ဆောက်လုပ်ဆောင်ကြမည်ဖြစ်သည်။

ယင်းသည် ယူနန်ပြည်နယ်မှလန်မဲ(၆)နိုင်ငံသို့ ပထမဆုံးအကြိမ်တပြိုင်တည်း မျက်နှာပြုဖွင့်လှစ်သည့် မီဒီယာလုပ်ငန်းဝန်ထမ်းများနှင့် မီဒီယာသတင်းထောက်များအတွက် မွမ်းမံသင်တန်းဖြစ်ကြောင်း သိရပါသည်။ ရည်ရွယ်ချက်မှာ(၆)နိုင်ငံမီဒီယာများအချင်းချင်းဖလှယ်၊ အတူယူဆက်သွယ်နိုင်သည့်စင်မြင့်ကိုတည်ဆောက်လိုခြင်းဖြစ်သည်။ ထို့အတူသင်တန်းဖြင့် ကြားခံပြုပြီး (၆)နိုင်ငံမီဒီယာသမားများကို လန်မဲစနစ်ပူးပေါင်းဆောင်ရွက်ရေး၏ "အသံချဲ့စက်"၊ လန်မဲချစ်ကြည်ရေးပန်း၏ "မျိုးစေ့ကြွစက်"နှင့် လန်မဲပူးပေါင်းဆောင်ရွက်ရေး၏ "တွန်းတင်စက်"ကို ကောင်းစွာလုပ်ဆောင်ပေးရန် တွန်းတင်ခြင်းလည်းဖြစ်ပေသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားပြီးနောက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပါတီကော်မတီအတွင်းရေးမှူး၊ ဥက္ကဋ္ဌစူထီရီသည်သင်တန်းသားများအတွက် "နိုင်ငံတကာပူးပေါင်းဆောင် ရွက်မှုဖြန့်ကျက်မှု၊ အပြန်အလှန်ဆက်သွယ်ချိတ်ဆက်အကျိုးတူအောင်မြင်မှုကိုကူညီ"ဟူသော ခေါင်းစဉ်ဖြင့်သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းတွင် တရုတ်မီဒီယာများမှ နိုင်ငံတကာသို့ ဖြန့်ကျက်သည့်သမိုင်း၊ ယူနန်နေ့စဉ်သတင်းစာအဖွဲ့မှ နိုင်ငံတကာသို့ဖြန့်ကျက်သည့်အကောင်အထည်ဖော်ဆောင်ခြင်းနှင့် စူးစမ်းလေ့လာသည့် ခေါင်းစဉ်များကိုဝိုင်းရံလျက် သက်ဝင်သည့် သာဓကများဖြင့်(၆)နိုင်ငံသင်တန်းသားများအပေါ် ယူနန်နေ့စဉ်သတင်းစာဖွဲ့မှ နိုင်ငံတကာသတင်းဖြန့်ကျက်ရေးလုပ်ငန်းအပေါ်ကြိုးပမ်းမှုနှင့် ရရှိသောအောင်မြင်မှုရလဒ်များကို ပြသပေးခဲ့ပါသည်။